ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

4.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၉) ဦး	(၉) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ချင်းပြည်နယ်

ဧပြီလ(၃)ရက်နေ့မနက်(၁၁)နာရီခန့်တွင် ဖလမ်းမြို့နယ်၊ဖလမ်း-ဟားခါးအကြား ကလေးမြို့မှ တက်လာသည့် ရန်သူ့ယာဉ်တန်းနှင့် ဒေသခံကာကွယ်ရေးတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် တလန်ဇာရ်ကျေးရွာမှ ပြည်သူပိုင်နေအိမ် (၇)လုံးကို ရန်သူ့တပ်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်

ဧပြီလ(၄)ရက်နေ့မနက်(၆)နာရီခန့်မှ နေ့လည်(၁၂:၃၀)နာရီခန့်ထိ ပင်လောင်းမြို့နယ်၊ လုံးပျဉ်ရွာတွင် အခိုင်အမာ နေရာယူထားသော ရန်သူ့တပ်ဖွဲ့နှင့် KNDF ဗျူဟာ (၁)၊ KNDF ဗျူဟာ (၅) ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် နေပြည်တော် တပ်ရင်း (၈၀၃)တို့ တိုက်ပွဲဖြစ်ပွားနေပြီး မိုးဗြဲ PDF (၁၀၀၇) တပ်ရင်းမှ ရဲဘော်(၁)ဦးကျဆုံးခဲ့ကာ KNDF မှ ရဲဘော်(၁)ဦး လက်နက်ကြီးထိမှန်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကွေးတိုင်း

ဧပြီလ(၃)ရက်နေ့မနက်(၅)နာရီခန့်တွင် ရေစကြိုမြို့နယ်၊ မအူရွာ အခြေပြု ရန်သူ့တပ်ဖွဲ့ဝင်များ၏ ရဲကင်းစခန်းကို ရေစကြိုမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ - ရေစကြို ပကဖ၊ Salingyi Special Tesk Force - SSTF၊ မြိုင်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - မြိုင် ပကဖ - တပ်ရင်း (၂)၊ Myanmar Royal Dragon Army – MRDA အဖွဲ့တို့ ပူးပေါင်း စီးနင်း တိုက်ခိုက်ခဲ့ရာ မအူရဲစခန်းမှူး မြင့်ကျော် အပါဝင် ရဲတပ်သား (၇) ဦး သေဆုံးခဲ့ပြီး ရဲစခန်းအတွင်းမှ G-3 (၁) လက်၊ Anti Drone Gumတစ်လက်၊ ဗုံးသီး (၁၀)လုံး၊ စခန်းမှူးတံဆိပ်တုန်းအပါအဝင် စာရွက်စာတမ်းများကို သိမ်းဆည်း ရရှိခဲ့ကာ ဒေသကာကွယ်ရေး တပ်ဖွဲ့ဝင် - PDF ရဲဘော် (၂) ဦး ကျည်ထိမှန် ဒဏ်ရာရရှိ ခဲ့သည်။ ရေစကြိုမြို့နယ်၊ ဇီးတောရွာမှ စစ်ကူ ထွက်လာသော ရန်သူ့တပ်ဖွဲ့ဝင် (၃၀)ဦးခန့်ကို လမ်းပိုင်း တစ်နေရာတွင် ရေစကြိုမြို့နယ် ပြည်သူ့ ကာကွယ်ရေး အဖွဲ့ - ရေစကြို ပကဖ၊ Salingyi Special Tesk Force - SSTF၊ မြိုင်မြို့နယ် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ - မြိုင် ပကဖ - တပ်ရင်း (၂)၊ Myanmar Royal Dragon Army – MRDA အဖွဲ့တို့ ပူးပေါင်းကာ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ရန်သူ့တပ်နှင့်ပျူစောထီး တပ်ဖွဲ့ဝင်များစွာ ထိခိုက်သေဆုံးနိုင် ကြောင်း သိရသည်။ ရန်သူ့တပ်ဖွဲ့ဝင်များ စခန်းအတွင်းမှ ဆုတ်ခွာ ထွက်ပြေးခဲ့ပြီး ဧပြီလ(၃)ရက်နေ့ မနက်(၈) နာရီခန့်တွင် မုံရွာ နမခ မှ ပျံတက်လာသော Mi – 35 တိုက်ခိုက်ရေး ရဟတ်ယာဉ် (၁) စီးက (၁) နာရီကြာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သောကြောင့် ဒေသကာကွယ်ရေးတပ်ဖွဲ့ဝင်များ ပြန်လည် ဆုတ်ခွာခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေချိန်အတွင်း ရေစကြိုမြို့အခြေပြု ခလရ (၂၅၇) မှ လက်နက်ကြီး ပစ်ကူ ပေးခဲ့ရာ ဒေသခံပြည်သူ အသက်(၁၂)နှစ်အရွယ် ကလေးငယ်(၁)ဦး လက်နက်ကြီးထိမှန် ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်တိုင်း

- ဧပြီလ(၃)ရက်နေ့နေ့လည်(၃:၂၀)နာရီခန့်တွင် ခရမ်းမြို့နယ်၊(၈)ရပ်ကွက်၊ ခရမ်း-မောင်းမ ကားလမ်း ရှိ ကရင်ကန်ဂိတ်ကို PDF-Khayan တပ်ဖွဲ့ဝင်များက ဗုံးသီးဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရန်သူ့ တပ်ဖွဲ့ဝင်(၂)ဦး နေရာတွင် သေဆုံးပြီး ဒဏ်ရာရသူ(၃)ဦး ရှိခဲ့ကာ တော်လှန်ရေးရဲဘော်များ အန္တရာယ် ကင်းရှင်းစွာ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဧပြီလ(၃)ရက်နေ့၊နေ့လည်(၃:၂၀)နာရီခန့်တွင် ခရမ်းမြို့နယ်၊ ၇ရပ်ကွက်၊ ခရမ်း-ပဲခူး ကားလမ်းရှိ သစ်တောဂိတ်ကို PDF-Khayan တပ်ဖွဲ့ဝင်များက ဗုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်ဖွဲ့ဝင် (၁)ဦး မပြင်းထန် ဒဏ်ရာရရှိခဲ့ကာ တော်လှန်ရေးရဲဘော်များ အန္တရာယ်ကင်းရှင်းစွာ ပြန်လည် ဆုတ်ခွာ နိုင်ခဲ့ကြောင်း သိရသည်။

<u>ပဲခူးတိုင်း</u>

ဧပြီလ(၃)ရက်နေ့၊နေ့လည်(၁:၁၅)နာရီခန့်တွင် လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကျေးစာရေး ကိုမျိုးကြီး ဦးဆောင် ပြုလုပ်သည့် လောင်းကစားဝိုင်းကို သာယာဝတီခရိုင် ပြည်သူ့ကာကွယ်ရေးတပ်ရင်း ၃၈၀၂၊ တပ်ခွဲ(၄)၊ ရွှေတန်းမြေပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့က ပြည်သူများမရှိသည့် လူရှင်းသည့်အချိန်တွင် ဗုံးပစ်ထည့်တိုက်ခိုက်ရာ ရပ်ကျေးစာရေး(၁)ဦးနှင့် ပျူစောထီး(၅)ဦး ထိခိုက် ဒဏ်ရာများ ရရှိ သွားကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

<u>ကရင်ပြည်နယ်</u>

ဧပြီလ(၃)ရက်နေ့၊နေ့လည်(၁)နာရီခန့်တွင် ဘားအံမြို့နယ်၊ ဂိုင်းကျေးရွာအုပ်စု၊ ရိုးမဟာရွာတွင် နေအိမ် ရှေ့၌ ကစားနေသည့် ကလေးငယ် (၁)ဦးကို ဘားအံဘက်မှ ကျုံဒိုးဘက်သို့ တပ်အင်အား ဖြည့်ရန် တက်လာ သည့် ရန်သူ့ယာဉ်တန်းမှ စကစတပ်ဖွဲ့ဝင်များက တိုက်ပွဲ ဖြစ်ပွားနေခြင်းမရှိဘဲ အကြောင်းမဲ့ ပစ်သတ် သွားကြောင်း သိရသည်။

<u>မကွေးတိုင်း</u>

- ဧပြီလ(၄)ရက်နေ့၊မနက်(၁၀)နာရီခန့်တွင် ဆိပ်ဖြူမြို့နယ်၊ကျစ်ပြင်ရွာသို့ ရန်သူ့တပ်ဖွဲ့များ ဝင်ရောက် ခဲ့ပြီး ဒေသခံပြည်သူပိုင်နေအိမ်များကို အကြမ်းဖက် မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပြာကျခဲ့သည်။ ရန်သူ့တပ်ဖွဲ့ဝင်များက ဒေသခံ ပြည်သူပိုင် ပစ္စည်းများကို အကြမ်းဖက် လုယူခဲ့ပြီး ဒေသခံပြည်သူ များ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဧပြီလ(၃)ရက်နေ့၊နေ့လည်(၃)နာရီခန့်တွင် ရေစကြိုမြို့နယ်၊ ရေစကြိုမြို့ အခြေပြု ခလရ (၂၅၇) မှ လက်နက်ကြီးဖြင့် အကြမ်းဖက်ပစ်ခတ်သဖြင့် ခလရ (၂၅၇) အနီး သာစည်ရွာ တောင်ပိုင်းရှိ ပြည်သူပိုင် လူနေအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ ဒေသခံပြည်သူ (၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အသက် (၂၇)နှစ်အရွယ် ကိုနေဇော်ဖြိုးဆိုသူ ဒေသခံအမျိုးသား (၁) ဦး သေဆုံးခဲ့ကြောင်း သိရသည်။

<u>ရန်ကုန်တိုင်း</u>

ဧပြီလ(၃)ရက်နေ့၊ညပိုင်းတွင် သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ ကန်ဘောင်အနီးရှိ လမ်းကို ရန်သူ့ကား(၅)စီးဖြင့် ညှော့ဝင်စစ်ကာ ပြည်သူ(၁)ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။